PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျီးဇက် ယွန်း မြန်မာနိုင်ငံခရီးစဉ်

ဒီဇင်ဘာ ၁၀၊ ၂၀၁၀
ရန်ကုန်၊ မြန်မာ

အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျီးဇက် ယွန်းသည် မြန်မာနိုင်ငံသို့ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၇ - ၁၀ ရက် အလည်အပတ်ရောက်ရှိခဲ့ပါသည်။ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ အခြေအနေ တိုးတက်ကောင်းမွန်ရေး အတွက် အမေရိကန်ပြည်ထောင်စု၏ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်မှုကိုလည်းကောင်း၊ မြန်မာအစိုးရနှင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရေးအတွက် ကျွန်ုပ်တို့၏ ဆက်လက် ကြိုးပမ်းအားထုတ်မှုကိုလည်းကောင်း ထင်ဟပ် နေပါသည်။

ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ယွန်း၏ အဓိကရည်ရွယ်ချက်မှာ အခရာကျသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပြောဆိုဆွေးနွေးရန်၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလွန် လက်ရှိအနေအထားနှင့် ပတ်သက်၍ သာမန်ပြည်သူများ၏ အမြင်များကို သိရှိရန်တို့ဖြစ်ပါသည်။ သူနှင့် သူ့အဖွဲ့သည် မြန်မာအစိုးရ၊ လူနည်းစု လူမျိုးစုဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒီမိုကရေစီလိုလားသော ခေါင်းဆောင်များနှင့် တိုက်ရိုက်တွေ့ဆုံခဲ့ပါသည်။ ခရီးစဉ်အတွင်း ဒုတိယလက်ထောက်နိုင်ငံခြာရေး ဝန်ကြီးသည် သံရုံးလုပ်ငန်း ဆောင်တာများ၊ အမေရိကန်နိုင်ငံ၏ အထောက်အပံ့အစီအစဉ်များကိုလည်း ပြန်လည်သုံးသပ်ခဲ့ပါသည်။

မြန်မာအာဏာပိုင်များနှင့် တွေ့ဆုံခဲ့စဉ်အတွင်း လူ့အခွင့်အရေးတိုးတက်ကောင်းမွန်ရေးနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးအပါအဝင် ကျွန်ုပ်တို့ အဓိက စိုးရိမ်မကင်းဖြစ်နေသော ကိစ္စရပ်များတွင် အဓိပ္ပာယ်ရှိသော တိုးတက်မှုများ ဖြစ်ထွန်းစေရန် တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးရေးအတွက် အမေရိကန်ပြည်ထောင်စုက တံခါးဖွင့်ထားကြောင်းကိုလည်း ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ယွန်းက ထပ်မံအတည်ပြု ပြောကြားခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်များနှင့် အခြိန်ယူတွေ့ဆုံခဲ့စဉ် အတွင်းတွင်လည်း ငြိမ်းချမ်းသာယာသော၊ ကုံလုံကြွယ်ဝသော ဒီမိုကရက်တစ်မြန်မာနိုင်ငံ ပေါ်ထွန်းရေးကို ကျွန်ုပ်တို့ လိုလားကြောင်း အလေးအနက်ထားပြောကြားခဲ့ပြီး ရင်ကြားစေ့ရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့ ဖြစ်ထွန်းရေးတို့အတွက် အတွေးအမြင်များကို ဆွေးနွေးခဲ့ပါသည်။

ယင်းတို့မှာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံသို့ ပထမအကြိမ်လာရောက်သော ခရီးစဉ်အကြောင်း ဖြစ်ပါသည်။ သူသည် ၂၀၁၀ ပြည့်နှစ် မေ အတွင်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ့်ဘဲလ်ပြီးလျှင် အဆင့်အမြင့်ဆုံး အမေရိကန်အစိုးရတာဝန်ရှိ ပုဂ္ဂိုလ်ဖြစ်ပါသည်။